# ရပ်ရွာတည်ငြိမ်အေးချမ်းမှုရရှိပြီး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိလာရေး ကြိုးပမ်းနေ

ရန်ကုန်   ဇူလိုင်   ၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူးနှင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ် ဥပဒေချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံခြား သတင်းဌာနများနှင့် ပြည်တွင်းသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ရှင်းလင်းပြောကြားရာတွင် လူမျိုးမရွေး၊ ဘာသာမရွေး လူသားအားလုံးအတွက် အသက်နှင့်ပစ္စည်းဥစ္စာ လုံခြုံစိတ်ချမှုရှိစေရန်နှင့် ရခိုင်ပြည်နယ်အတွင်း လူမှုပြဿနာများ အဆုံးသတ်ရန်အတွက် နိုင်ငံတော်အစိုးရက ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခု ဒုတိယသမ္မတဦးဆောင်သော ရခိုင်ပြည်နယ်ခရီးစဉ်ကြောင့် လိုက်ပါကြသူအားလုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ယခုအချိန်အထိ တိုးတက်လုပ်ဆောင်နေ မှုများကို လက်တွေ့ တွေ့မြင်ကြပြီ

✿ ကျောဖုံးမှ

ဖြစ်ပါကြောင်း။ မိမိတို့အဖွဲ့သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ခရီးစဉ်အတွင်း တွေ့မြင်ခဲ့ရပါကြောင်း၊ သို့ရာတွင် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာလုပ်ငန်းများနှင့်အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီတို့တွင် စိန်ခေါ်မှုများ၊ အခက်အခဲများလည်း ရှိနေပါသေးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ရခိုင်ပြည်နယ်အတွင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်မှုရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနကို ၂၀၁၃ ခုနှစ် မေ ၄ ရက်တွင် စစ်တွေမြို့၌ ဖွင့်လှစ်ခဲ့ပါကြောင်း၊ အဆိုပါဌာနသည် ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်း နှစ်ရပ်စလုံးတို့အကြားတွင် သတင်းအချက်အလက်အမှန်များကိုဖလှယ်နိုင်ရန် များစွာအထောက်အကူပြုပါကြောင်း၊ အလားတူ ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနများကို မြေပုံ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ ကျောက်ဖြူတို့ကဲ့သို့သော လိုအပ်သည့်နေရာများတွင် တိုးချဲ့ဖွင့်လှစ်သင့်ပါကြောင်း၊

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာပါ တွေ့ရှိအကြံပြုချက်များအပေါ် မိမိတို့ဗဟိုကော်မတီက များစွာ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊

လူမှုအဖွဲ့အစည်းနှစ်ရပ်အကြား တင်းမာမှုများကို လျှော့ချရန်အတွက် ယုံကြည်မှုတည်ဆောက်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ ရွှေ့ပြောင်းခံရသည့် မိသားစုများအတွက် ပုံမှန် ဘဝပြန်လည်တည်ဆောက်နိုင်ရေးတို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အကြံပြုထားသည့်အတိုင်း လွတ်လပ်စွာဆောင်ရွက်သွားနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မျိုးစပါးများ ရောက်ရှိဖြန့်ဖြူး၊ မြေသားရေကန်နှင့် လက်တူးတွင်းများ တူးဖော်ပြီးစီးမှု၊ ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက်များ ပေးပို့ဖြန့်ဝေပြီးစီးမှု၊ ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက် မောင်းနှင်အသုံးပြုခြင်းသင်တန်းပို့ချပြီးစီးမှု၊ ထွန်ယက်ပြီးစီးမှု၊ လယ်ယာသုံးစက်ကိရိယာများအတွက် စက်သုံးဆီသုံးစွဲရမှု၊ ဓာတ်မြေဩဇာများ ရောက်ရှိဖြန့်ဖြူးပြီးစီးမှု၊ စက်သုံးဆီများထုတ်ပေးပြီးစီးမှု၊ လှေ၊ စက်လှေနှင့် ငါးဖမ်းပိုက်များလိုအပ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရခိုင်ပြည်နယ်ရှိ လယ်ဧက ၉၉၃၀ အတွက် လိုအပ်သော မျိုးစပါးတင်း ၁၉၈၆၀ အား မေလအတွင်းက ရောက်ရှိစုဆောင်းခဲ့ပြီး ဇူလိုင် ၄ ရက်အထိ ၁၅၄၈၇ တင်းဖြန့်ဝေပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသောမျိုးစပါးများကို ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ မြေပုံနှင့် ပေါက်တောမြို့နယ်တို့၌ မြေသားရေကန် ၁၁ ကန်နှင့် လက်တူးတွင်းလေးတွင်းအား တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ တူးဖော်ခဲ့မှုအတွက် ကုန်ကျငွေကျပ် ၃၄ ဒသမ ၈၂ သန်း ရှိခဲ့ကြောင်း၊ ထို့ပြင် ထွန်စက်ကြီးနှစ်စီး၊ လက်တွန်းထွန်စက် ၂၈၈ စီးနှင့် လယ်ယာသုံးကိရိယာများ မေလအတွင်းက ရောက်ရှိခဲ့ပြီး ၂၈၂ စီးဖြန့်ဝေပြီးဖြစ်ကာ စစ်တွေ၌ အရန်ခြောက်စီးကျန်ရှိကြောင်း၊ အဆိုပါပစ္စည်းများအတွက် ကျသင့်ငွေ ၅၀၆ ဒသမ ၉၃ သန်းရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက်မောင်း သင်တန်း(၁၀)ကြိမ်၊ သင်တန်းသား ၃၀၀ ပို့ချရန်လျာထားရာတွင် ကျောက်တော်၊ ပေါက်တော၊ မင်းပြား၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် သင်တန်း(၉)ကြိမ်ဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းတစ်ကြိမ်သာပို့ချရန်ကျန်ပါကြောင်း၊ သင်တန်း ပို့ချစဉ် ကုန်ကျသည့်ဒီဇယ်ဆီဂါလန်များအတွက် ငွေကျပ် ၃ ဒသမ ၃၇ သန်း လိုအပ်မည်ဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ လယ်ယာသုံးစက်ကိရိယာများမရောက်ရှိမီ စက်မှုလယ်ယာဦးစီးဌာနက ဌာနပိုင်ထွန်စက်ကြီး ၁၇ စီး၊ ပြည်နယ်အစိုးရပိုင် နှစ်စီးတို့ဖြင့် လယ်မြေ ၃၅၂၁ ဧက ကျော်အား ထွန်ယက်ပေးခဲ့ကြောင်း၊ ထွန်ယက်ရန် ကျန်လယ်မြေများအား ထွန်တုံးမပိတ်မီ အချိန်မီ ထွန်ယက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွက် လိုအပ်သော ဓာတ်မြေဩဇာအိတ် ၁၂၈၁၀ သည် ဇွန်လအတွင်း စစ်တွေမြို့သို့ရောက်ရှိပြီး မင်းပြား၊ ကျောက်တော်၊ မြေပုံ၊ မြောက်ဦး၊ ရမ်းဗြဲ၊ မောင်တော၊ ပေါက်တော၊ ရသေ့တောင်၊ စစ်တွေမြို့များသို့ စုစုပေါင်း ၈၆၁၄ အိတ် ထုတ်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ဓာတ်မြေဩဇာအိတ်များကို လိုအပ်သည့်နေရာများတွင် အသုံးပြုရန်

# Press conference of Central Committee for Rakhine State Peace, Stability and Development Implementation held

The press conference on Rakhine trip by Chairman of the Central Committee for Rakhine State Peace, Stability and Development Implementation Vice-President Dr Sai Mauk Kham was held at the Ministry of Foreign Affairs (Yangon Branch), here this morning.

It was attended by Secretary of the Central Committee and chairmen of the works committee, Rakhine State Security and Border Affairs Minister, the State Advocate-General, foreign ambassadors, diplomats, officials from UN agencies and local and foreign media.

Deputy Minister for Foreign Affairs U Thant Kyaw said that the government has resolutely taken measures for putting violence in Rakhine State and ensuring the safety and security of the lives and prosperity of the people there, irrespective of their racial or religious background. The trip gave us all a great chance to witness the situation in Rakhine State and the works done so far, by the State government, regional government and the concerned working committees under the guidance of the Central Committee in collaboration with the UN agencies and international organizations, he added. He continued that the State sees a number of achievements on the humanitarian works but there are challenges on humanitarians work, recovery and development assistance.

Central Committee Deputy Minister Maj-Gen Zaw Win explained transparent cooperation of the Union government and the state government with UN agencies and INGOs. For more effective coordination, Coordination Centre has been opened in Sittway since 4 May, 2013. It really effects correct information sharing and coordination tasks. Coordination Centre should be extensively opened in the conflict-affected areas such as Meybon, Pauktaw, Minbya, MraukU and Kyaukpyu Townships.

The Central Committee is placing great emphasis on recommendations by the Rakhine State Conflict Investigation Commission's Report. UN agencies and International that under the government leadership, confidence and trust-building and reconciliation efforts reducing tensions between the two communities should be addressed and get free movement to undertake the normal livelihood activities of IDPs, he added.

Chairman of the Socio-Economic Development Working Committee Union Minister U Aye Myint explained briefly about the supply and distribution of paddy seeds and fertilizers, completion of water ponds and wells, supply and distribution of tractors and power tillers, completion of training course for utilization of tractors and power tillers, land cultivation, use of fuel for agricultural machineries, distribution fishing boats and fishing nets and the matters related to education, health, communication and job creation.

Out of 19,860 baskets of paddy seeds that had already arrived in Rakhine State in May, 15,487 baskets have been supplied to 9,930 farmland acres till 4 July and the remaining paddy seeds shall be distributed to the required areas.

11 water ponds and 4 handheld wells are already completed in five designated townships—Minbya, MraukU, Yathedaung, Myebon and Pauktaw and it cost K 34.82 million.

In May 2013, 2 tractors and 288 power tillers and accessories have already been delivered to Rakhine State and 282 power tillers have been distributed and the remaining 6 power tillers have already kept in Sittway as a reserve. It cost K 506.93 million for those machines.

Regarding the training courses for proper utilization of Tractors and Power Tillers, Agricultural Mechanization Department has already conducted training courses for proper utilization of Tractors and Power Tillers in villages of Kyauktaw, Pauktaw, Minbya, Maungdaw and Yathedaung Townships in the Rakhine State in order to perform the startup of cultivations in time.

The diesel price during the training course costs K 3.37 million. 3521 acres of land has been cultivated by Farm Machineries and Accessories by using 17 Tractors and 2 Power Tillers owned by State Government and the remaining land will be cultivated before the end of the ploughing season.

For the supply of fertilizers for agricultural activities, 12, 800 bags of fertilizers arrived in Sittway by early June 2013 and 8, 614 bags have been distributed to various townships—Minbya, Kyauktaw, MraukU, Yanbye, Maungdaw, Pauktaw, Yathedaung and Sittway—according to their requirements. The remaining bags have been handed over to Rakhine State Government as a reserve and for necessary use.

Regarding with the distribution of diesel fuels, the total of 6,952 gallons of diesel have been issued to Sittway, MraukU, Minbya, Kyauktaw, Myebon, Pauktaw, Yathedaung, Maungdaw and Yanbye Townships.

2000 sets of different types of fishing nets and 500 rolls of ropes have already been delivered to the relevant fishermen. Over K 430 million is required to buy fishing boats and related fishing nets.

A total of 7034 students are studying at 23 camps in six townships and 209 teachers are required to fulfill the requirements of education. Actually, 33 schools are to be constructed within the affected areas in the Rakhine State and among them, 26 schools will be built by UNICEF and seven by the Ministry of Education. The Government of Rakhine State has approved to

construct the schools in respective villages by using US$ 1 million Aid from Indonesia.

In the health sector, 29 temporary clinics are to be constructed at 11 townships in Rakhine State. The phone cards have been delivered to 69 camps for better communication in this Region. Extension of auto telephone lines will be carried out.

Rakhine State Advocate-General U Hla Thein said that shelters have been arranged for 90 per cent of victims before the rainy season even though the plan would be dilemma because of Mahasen. The job would be better than before will be arranged for those people in this region. To live peaceful co-existence and not to happen any conflicts between two social groups, cooperation with unity will overcome these issues.

The Union Ministers, the deputy ministers and responsible persons replied to questions raised by local and foreign media persons.

Q: We heard that some prisoners died in the prison in Rakhine State and please let us know why they died? Second questions is: which action is being taken against those who occupied the places which were owned by Bangalis before the conflict happened?

A: The news that the Prisoners died in the Sittway Prison is just a rumour. If prisoners die in Sittway Prison, responsible departments will report us.

For the second question: according to the law in Myanmar, the government is solely responsible to manage an area after fire. Both Bangali and Rakhine are not allowed to stay in the area. Regarding the resettlement in the area, it has something to do with a policy that could deter conflicts. Currently, the Union government, Rakhine State government and international agencies are working together to resettle the both communities under the shelters.

Q: Please let me know how measures would be taken to build the mutual trust between the two communities? It is found that the conflict has spread to other countries such as Malaysia and India. How does the government take measures to settle the issue.

It will take time for both communities to heal themselves to relieve from metal trauma. The two different communities are staying separately because they feel that they are safe only when they are separated. That is the current and temporary problem. Our government is working our best to bring peaceful coexistence to the two communities.

We all not only denounce the terror attacks on holy places but also on any place in any country and on any place in the world. The government has been making all out efforts for peaceful coexistence of different communities in the country and for community peace.

All countries should cooperate each other to stop the spread of conflicts to other countries.

Q: Regarding the rule of law in Rakhine State, How many cases have been judged and how many cases remained to be judged. How can we measure the peaceful coexistence in the long run?

A: Five hundred and seven culprits of 195 cases have been sentenced. Courts are still hearing 45 cases involving 662 culprits.

Q: How many security forces are deployed in Rakhine State?

A: Over 6000 forces comprising 2000 policemen of Rakhine State Police Force, over 3000 security forces and 1200 border region and immigration forces, and forces from the Tatmadaw are cooperating to provide security to the state.

*MNA*